မြန်မာ့ဒီမိုကရေစီအရေး

ခရီးရှည်ချီတက်ဆန္ဒပြပွဲနှင့်

အစာငတ်ခံဆန္ဒပြတိုက်ပွဲ

published by the Communication and Media Operators Committee

စက်တင်ဘာ ၁၉ ရက် ၂၀၀၄

၁၉ ရက်မြောက်နေ့

□ ရွေ့လျားနေတဲ့ နာဂိုလက်တံတွေ့ နဲ့ အတူ ခက်ခဲကြမ်းတမ်းမှု တွေ့ ပိုများနိုင်တဲ့ ဒုတိယတိုက်ပွဲဝင်ဖို့ အချိန်က နီးသထက်နီးလာပါပြီ။

□ "ငါတို့ ရဲ့ပထမတိုက်ပွဲအောင်မြင်ပြီးဆုံးခါနီးပြီ" ဆိုပြီး တာဝန်တစ်ခုကို ကျေပွန်စွာထမ်းဆောင်နိုင်ခဲ့လို့ ကျေနပ်ဂုဏ်ယူနေတဲ့ စိတ်တွေနဲ့ အတူ၊ မကြာခင်ဆင်နွှဲရဦးမယ့် "အစာငတ်ခံဆန္ဒပြတိုက်ပွဲ" အတွက်ကိုလည်း ရဲဘော်တွေ စိတ်လှုပ်ရှားတက်ကြွနေကြရပါတယ်။

□ ပထမတိုက်ပွဲဖြစ်တဲ့ 'လွတ်မြောက်ရေးခရီးရှည်ချီတက်ပွဲ' ဟာ တိုက်ပွဲကာလ ၁၉-ရက်လုံးလုံးမှာ မြန်မာ့ဒီမိုကရေစီရေးအတွက် ကောင်းကျိုးတွေကို ဖြစ်ထွန်း စေခဲ့တဲ့နေ့တွေပါပဲ။

□ ခရီးရှည်ချီတက်ပွဲ ခရီးလမ်းတလျှောက်မှာ ချီတက်ရုံ တစ်ခုတည်းသာမက စုဝေးနေအ သုံးထောင်ကျော်ဖြန့် ဝေနိုင်ခဲ့သလို၊ မြန်မာ့ဒီမိုကရေစီအရေးနဲ့ လူ့ အခွင့်အရေး ဆုံးရှုံးမှုတွေ အကြောင်း ဟောပြောပွဲတွေလုပ်ဖို့ အခွင့်အရေးတွေလည်း ရလာခဲ့ပါတယ်။

□ ကမ္ဘာ့ သာသနာပြုခရစ်ယာန်အဖွဲ့ တွေ၊ NGO တွေ နိုင်ငံတကာ ငြိမ်းချမ်းရေးအဖွဲ့ အစည်းတွေ၊ ဒီမိုကရက်တစ် ပါတီဝင်တွေ၊ ရီပတ်ပလီကင် ပါတီဝင်တွေ၊ မြန်မာ့နိုင်ငံရေးအဖွဲ့ အစည်းပေါင်းစုံတွေရဲ့ အားပေး ထောက်ခံမှုတွေ ၊ ကိုယ်တိုင်ပါဝင်ချီတက်လာမှုတွေ နဲ့ အတူ ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ် ဆီစာရေးပြီးတောင်းဆိုတဲ့ petition form မှာ ထောက်ခံ လက်မှတ်ရေးထိုးသူ အမြောက်အများရဲ့ လက်မှတ်တွေကိုလည်း အရယူနိုင်ခဲ့ပါသေးတယ်။

□ သတင်းစာ၊ တီဗွီ နဲ့ အသံလွှင့်ဌာနစတဲ့ သတင်းဌာနမျိုးစုံတွေမှာ သတင်းထုတ်ပြန်ပေးခဲ့တဲ့အတွက် အမေရိကန်ပြည်သူတွေရဲ့ အာရုံစူးစိုက်မှုကို အရယူနိုင်ခဲ့တာမို့ ရဲဘော်တွေ ပင်ပန်းရကျိုးနပ်ပါတယ်။

□ ဒီကနေ့ မနက်ပိုင်းမှာတော့ 'မြန်မာ့ဒီမိုကရေစီအရေးခရီးရှည်ချီတက်ခြင်းနှင့် အစာငတ်ခံဆန္ဒပြတိုက်ပွဲဝင်ရဲဘော်များ၏ သဘောထားထုတ်ပြန်ကြေငြာချက်' အတွက် ရဲဘော်များဆွေးနွေးတိုင်ပင်ကြ စာကြမ်းရေးကြနဲ့ အလုပ်ရှုပ်နေခဲ့ကြတယ်။

□ ညနေ၃နာရီ ၂၀မိနစ်လောက်မှာ မနေ့က ရပ်နားခဲ့တဲ့ ဘရော့ဝေး ၈၆ လမ်းပေါ်ကနေ နယူးယောက်မြို့ ရဲ့ လူစည်ကားဆုံးအရပ်ဖြစ်တဲ့ Times Square ကိုဖြတ်ပြီး 6th Ave ၄၂လမ်းကိုချီတက်ခဲ့ကြတယ်။ လမ်းခရီးမှာ ဘီဘီစီ၊ ဗွီအိုအေ စတဲ့ အသံလွှင့်ဌာနက မေးမြန်းခြင်းတွေကို ဖြေကြားပေးရင်း ၄၂လမ်း 12th Ave က တရုတ်သံရုံးကို ချီတက်ကာ ဆန္ဒပြခဲ့ကြပြီး ယနေ့ ခရီးစဉ်ကို ညနေ ၇နာရီမှာ ရပ်နား ခဲ့ကြပါတယ်။

□ ယနေ့ ချီတက်ပွဲကို – အစာငတ်ခံဆန္ဒပြတိုက်ပွဲဆင်နွှဲမယ့် ရဲဘော်များ ဖြစ်တဲ့ ကိုမောင်မောင်တိတ် (မြန်မာပြည် ဒီမိုကရက်တစ် ဂိတအဖွဲ့ ချုပ်)၊ကိုဝေထွန်း (နိုင်ငံရေး အကျဉ်းသား များကူညီစောင့်ရှောက်ရေးအသင်း)၊ ကိုတင်ငွေ (အမျိုးသား ဒီမိုကရေစီအဖွဲ့ ချုပ်)၊ ဒေါ်ခင်စန်းနွယ် (အမျိုးသား ဒီမိုကရေစီအဖွဲ့ ချုပ် လွတ်မြောက်နယ်မြေ)၊ ကိုခင်ဇော်(အမျိုးသား ဒီမိုကရေစီအဖွဲ့ ချုပ် မန္တလေးတိုင်း အနောက်တောင်ပြို့ နယ်)၊ International campaign for Democracy in Burma (ICDB)က ဦးဟန်လင်းနဲ့ ကိုဝင်းရွှေတို့ နဲ့ အတူ ဒေါ်အေးထွန်း (အမျိုးသား ဒီမိုကရေစီအဖွဲ့ ချုပ် မန္တလေးတိုင်း အနောက်တောင်ပြို့ နယ်) Wisconsin မြို့က ABSDF ရဲ့ ဘော်ဟောင်းများဖြစ်တဲ့ ကိုကျော်ခိုင်၊ ကိုကိုကြီးတို့ နဲ့ အတူ နယူးယောက်က Mr. Joe Bernstein တို့ လည်း အတူတကွ ပါဝင်ချီတက်ခဲ့ကြပါတယ်။

□ အိမ်ပြန်ရောက်ခဏနားပြီးတာနဲ့ အမျိုးသားညွှန့် ပေါင်းအစိုးရရဲ့ နိုင်ငံခြားရေးတာဝန်ခံ ဒေါက်တာသောင်းထွန်းနဲ့ အတူ ကိုဖိုအာနန်ဆီစာရေးသားပေးပို့ ဖို့ ဆွေးနွေးကြ၊ အစာငတ်ခံဆန္ဒပြွဲ ဖွင့်ပွဲအတွက် ဖိတ်ကြားသင့်တဲ့ သူတွေ၊ ဖွင့်ပွဲ အစီအစဉ် အသေးစိပ်တွေကို ဆွေးနွေးကြနဲ့ ရဲဘော်များ ထပ်ပြီး အလုပ်များ ကြရပါ သေး တယ်။ ဘယ်လောက်ပဲ အလုပ်များများ မြန်မာပြည်သူတွေအတွက် ဇရု ဆက်လှုပ်မယ့်ခြေလှမ်းတွေက အဆင်သင့်ပါ။

□ □ **ဒီမိုကရေစီချစ်သူများနှင့် မြန်မာမိတ်ဆွေများ–**

□ စက်တင်ဘာလ ၂၁-ရက်နေ့၊ နံနက် ၁၀ နာရီကနေ ၁၂ နာရီအတွင်း နယူးယောက်မြို့ ကုလသမဂ္ဂ အဆောက်အဦးရှေ့၊ 47th Street & 1st Ave က Dag Hammerskjold Park, မှာ "မြန်မာ့ဒီမိုကရေစီရေး ခရီးရှည်ချီတက်ပွဲ အောင်မြင်စွာ ပြီးဆုံးခြင်းအခမ်းအနားနှင့် အစာငတ်ခံဆန္ဒပြတိုက်ပွဲ ဖွင့်လှစ်ခြင်း အခမ်း အနား" ကို ကျင်းပမှာ ဖြစ်ပါတယ်။

□ အခမ်းအနားကို အမျိုးသား ညွှန့် ပေါင်းအစိုးရ ဝန်ကြီးချုပ် ဒေါက်တာစိန်ဝင်းနဲ့ NLD(liberated area) ရဲ့ ဥက္ကဋ္ဌ ဦးဝင်း ခက်တို့ နဲ့ အတူ ချီတက်စဉ်လမ်းတလျှောက်မှာ ရင်းနှီးခဲ့ကြတဲ့ နိုင်ငံတကာအဖွဲ့ အစည်းများက ပုဂ္ဂိုလ်များ နဲ့ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ တက်ရောက်ကြမှာပါ။ အခမ်းအနားအစီအစဉ်ပြီးတာနဲ့ ပန်းခြံ ထဲမှာ အစာတော်ခံဆန္ဒပြမယ့် ရဲဘော်များက ကျန်နေရစ်ခဲ့ပြီး "မြန်မာနိုင်ငံအရေးအတွက် ကုလသမဂ္ဂကထိရောက်စွာအရေးယူမှုမပြုမချင်း အကန့် အသတ်မရှိ အစာငတ်ခံ ဆန္ဒပြခြင်း" ကို စတင်ကြမှာပါ။

□ ရဲဘော်တွေ ငြိမ်းချမ်းစွာ တိုက်ပွဲဝင်နေတုန်း၊ နယူးယောက်အဖွဲ့ တွေကလည်း စစ်အစိုးရရဲ့ ရက်စက်ကြမ်းကြုတ်မှုတွေကို နိုင်ငံပေါင်းစုံကလာရောက်ကြမယ့် ဝန်ကြီးတွေ၊ တာဝန်ရှိ ပုဂ္ဂိုလ်တွေမြင်တွေ့ နိုင်အောင် ဓာတ်ပုံပြပွဲတစ်ခုကိုလည်း ခင်းကျင်းပြသ ထားမှာ ဖြစ်ပါ တယ်။

□ ဖွင့်ပွဲကို မတက်ရောက်နိုင်သူများအနေနဲ့ နယူးယောက်က ဖွဲ့ စည်းထားတဲ့ ကော်မတီတွေကို ဆက်သွယ်ပြီး ရဲဘော်များကို အချိန်ပိုင်းလာရောက် စောင့်ရှောက်ပေးခြင်း၊ တွေ့ ဆုံအားပေးခြင်း၊ နိုင်ငံတကာရောက် အင်အားစုများအနေဖြင့် လည်း စက်တင်ဘာ(၂၁)ရက်နေ့မှာ အချိန်ကိုက်လှုပ်ရှားမှုအဖြစ် မိမိတို့ရောက်ရှိရာ နိုင်ငံအသီးသီးရှိ ကုလသမဂ္ဂ ရုံးများသို့ ချီတက်ဆန္ဒပြခြင်း၊ ရုံးရှေ့တွင် စုရုံးဆန္ဒပြခြင်းများ ဖြင့် ပူးပေါင်းပါဝင်ကြဖို့ နှိုးဆော်အပ်ပါတယ်။

□ □ □ **ဆက်သွယ်ရန်**

(၁) **ဘဏ္ဍာရေးဆိုင်ရာကော်မတီ** --- မစန္ဒီ (၉၁၇-၄၄၅-၉၂၂၂) ၊ မနန်းစံနွဲ့ (၉၁၇-၅၁၉-၃၇၇၁) မသပြေ(၉၁၇-၇၀၄-၄၆၂၃)၊ မကေခိုင်(၉၁၇-၂၉၁-၉၈၆၂)၊ ကိုရွှေ (၉၁၅-၉၅၁-၂၄၂၈) ၊ ကိုအောင်အောင် (၇၁၈-၃၃၅-၀၉၁၁)

(၂) **ကူညီစောင့်ရှောက်ရေးကော်မတီ** --- ကိုရဲထွဋ် (၇၁၈-၆၇၂-၈၇၈၉) ၊ ကိုနိုင်ကျော်မိုး (၇၁၈-၈၁၃-၂၄၂၁)၊ ကိုကိုမိုး (၇၁၈-၃၈၆-၃၃၉၅) ၊ ကိုနိုင်ကြီး (၆၃၁-၉၇၄-၅၆၃၂) ၊ ကိုသောင်းထွန်း (၂၁၂-၃၃၈-၀၀၄၈) ၊ မသပြေ(၉၁၇-၇၀၄-၄၆၂၃)၊ ကိုမိုက်ကယ် (၇၁၈-၈၁၃-၂၄၂၁) ၊ ကိုဇာနည်မင်းထက် (၇၁၈-၈၁၃-၂၄၂၁) ၊ နန်းဇွန်ဦး (၂၁၂-၃၃၈-၀၀၄၈) ၊ ကိုဇော်ကြီး ၊ မနန်းစံနွဲ့ (၉၁၇-၅၁၉-၃၇၇၁) ၊ မမြမြစိုး (၉၁၇-၇၉၇-၂၁၃၄) ၊ မစန္ဒီ (၉၁၇-၄၄၅-၉၂၂၂) မကေခိုင်(၉၁၇-၂၉၁-၉၈၆၂)

(၃) **သတင်းနှင့်ပြန်ကြားရေးကော်မတီ** --- ကိုမင်းဆန်းမင်း (၇၁၈-၄၃၄-၅၂၉၂) ၊ ကိုဉာဏ်ဝင်းလတ် (၆၄၆-၃၂၁-၅၃၁၁) ၊ မစန္ဒီ (၉၁၇-၄၄၅-၉၂၂၂) ၊ မနန်းစံနွဲ့ (၉၁၇-၅၁၉-၃၇၇၁)၊ ကိုအောင်ကျော်မြင့် (၆၀၇-၃၃၉-၇၀၅၄)၊ ကိုရန်မျိုးအောင် (၅၈၅-၅၇၆-၈၅၂၁)

(၄) **သယ်ယူပို့ဆောင်ရေးနှင့်နေရာချထားရေးကော်မတီ** --- ကိုဝင်းရှိန် (၇၁၈-၃၃၅-၅၉၂၃) ကိုဆန်းမြင့် (၉၁၇-၅၂၃-၅၂၇၇) ၊ ကိုမိုးချမ်း (၆၄၆-၆၄၃-၈၆၈၉) ၊ မမြမြစိုး (၉၁၇-၇၉၇-၂၁၃၄)၊ နန်းဇွန်ဦး (၂၁၂-၃၃၈-၀၀၄၈)

(၅) **ကျန်းမာရေးဆိုင်ရာကိစ္စများ** ကို ဒေါက်တာသောင်းထွန်းမှ တာဝန်ခံ လုပ်ဆောင်သွားမည်ဖြစ်ပါသည်။